
နောင်တရခြင်းနှင့် ခွင့်လွှတ်ခြင်း
Lesson 10 for June 6, 2026

“ကိုယ်အပြစ်တို့ကို
ဖော်ပြတောင်းပန်လျှင်၊
ငါတို့အပြစ်များကိုလွှတ်၍
ဒုစရိုက်ရှိသမျှနှင့်ကင်း
စင်စေခြင်းငှာ ဘုရား
သခင်သည် သစ္စာ
တရားနှင့်လည်းကောင်း၊
ဖြောင့်မတ်ခြင်းတရားနှင့်
လည်းကောင်း
ပြည့်စုံတော်မူ၏”
(၁ ယောဟန် ၁း၉)



သမ္မာကျမ်းစာ က “လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ” (ရော ၃း၂၃) ဖော်ပြသည်။


ကျွန်ုပ်တို့၏အပြစ်ကို ရှောင်ရှား၍မရ (သို့) ဖယ်ရှား၍မရဟုလည်းဖော်ပြထားသည် (ယေရမိ ၁၃:၂၃; ၂:၂၂)။

သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်ကို ခွင့်လွှတ်ရန် လွန်စွာဆန္ဒကြီးသည်။ သူ ခွင့်မလွှတ်နိုင်အောင် ကြီးမားလွန်းသော အပြစ်မရှိပါ (ဟော၁း၁၈)

အခြေအနေတခုပဲရှိသည် - နောင်တ





- နောင်တရခြင်း
  - နောင်တရဖို့နှောင့်နှေးခြင်း
  - စစ်မှန်သောနောင်တရခြင်း
  - နောင်တရရန်ခေါ်တော်မူခြင်း
- ခွင့်လွှတ်ခြင်း
  - ခွင့်လွှတ်ခြင်းကျေးဇူးတော်
  - ခွင့်လွှတ်ခြင်းဝတ်လုံ



# နောင်တရခြင်း



# နောင်တရရန်နှောင့်နှေးခြင်း

“ယေရှုက၊ မာသ၊ မာသ၊ သင်သည် များစွာသောအမှုတို့၌ စိုးရိမ်၍ နှောင့်ယှက်ခြင်းကို ခံရ၏။
လိုသောအရာတစ်ခုတည်း ရှိ၏” (လုကာ ၁၀း၄၁)

ယေရှုက ကယ်တင်ခြင်းအတွက် အရေးကြီးကိစ္စကို လာဇရုအိမ်တွင် မိန့်ကြားခဲ့သည်။ သို့သော် မာသက နားမထောင်ခဲ့ပါ။ သူမအလုပ်များ၍ အချိန်မပေးနိုင်ခဲ့ပါ (လု ၁၀း၄၀-၄၁)





ကျွန်ုပ်တို့၌လည်း ဤကဲ့သို့ဖြစ်တတ်သည်။ ကျွန်ုပ်တို့အပြစ်ပြုမိပြီး၊ နောင်တရရန်သန့်ရှင်းသောဝိညာဉ်တော်က နှိုးဆော်သည့်အခါ၌ နောင်ရရရန် တားဆီးမှုများဖြစ်သော စိုးရိမ်ပူပန်များ (သို့) အာရုံပျံ့လွင့်မှုများကို စာတန်ကပြုလုပ်တတ်ပါသည်။






သို့သော် ဘုရားသခင်က လက်မလျှော့ပါ။ ဆက်လက်၍ ခေါ်နေသည် (ယေဇ ၃၃း၁၁)။ ကျွန်ုပ်တို့၏အပြစ်ကို ညစ်ပေသောအဝတ်နှင့်နှိုင်းယှဉ်ထားသည် (ဟေရှာ ၆၄း၆)။ ကျွန်ုပ်တို့၏ညစ်ပေသောအဝတ်ကို သူ၏သန့်ရှင်းသောအဝတ် နှင့် လဲလှယ်ရန် ကမ်းလှမ်းသည် (ဇာ ၃း၄)။ ၎င်းအဝတ်သည် သခင်ယေရှု၏အသွေးတော်၌ ဆေးကြောသောအဝတ်ဖြစ်သည် (ဗျာ ၇း၁၄)။



# စစ်မှန်သောနောင်တ

“လာကြ။ ထာဝရဘုရားထံတော်သို့ ပြန်ကြကုန်အံ့။ ကိုယ်တော်သည် ကိုက်ဖြတ်သော်လည်း ပကတိဖြစ်စေတော်မူမည်။ ဒဏ်ခတ်သော်လည်း အနာကိုစည်းတော်မူမည်” (ဟောရှေ ၆း၁)





နောင်တဆိုသည်မှာ အဘယ်နည်း။ စစ်မှန်သောနောင်နှင့်ဟန်ဆောင်သည့်နောင်တ မည်သို့ကွာခြားသနည်း (၂ ကောရိန္သု ၇:၁၀)

အပြစ်က လက်ငြင်းချက်ချင်းမလိုလားအပ်သော အဖိုးအခသယ်လာသည့်အခါ၌ နောင်တရကြသည်။ ဤအရာသည် ရှက်စရာဖြစ်သည်။ အကျိုးဆက်က အန္တရာယ်ကြီးမရှိခဲ့လျှင် ကျွန်ုပ်တို့သည် ဝမ်းနည်း၍အရေးမထားကြဘူး။ ဤသည်မှာ စစ်မှန်သောနောင်တမဟုတ်ပါ။

အပြစ်၏အဖိုးအခ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပြစ်မိသည့်အပြစ်ကြောင့် ကျွန်ုပ်တို့သည် ဝမ်းနည်းလျက် ခွင့်လွှတ်ခံရဖို့ရန် နက်ရှိုင်းသောဆန္ဒရှိလျှင် ၎င်းနောင်တသည် စစ်မှန်သောနောင်ဖြစ်သည်။

“ကျွန်ုပ်တို့အပြစ်လုပ်သောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို “အပိုင်းပိုင်းဆုတ်ဖြဲ” ပြီး နက်ရှိုင်းသောဝမ်းနည်းမှုဖြင့် “ဒဏ်ရာရစေ” သည်။ ကျွန်ုပ်တို့သည် စစ်မှန်သောနောင်တဖြင့် တုံ့ပြန်ပါက ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ပြီး ကျွန်ုပ်တို့ကို ကုစားပေးသည်” (ဟောရှေ ၆:၁)။

# နောင်တရရန် ဖိတ်ခေါ်ခြင်း

“ထို့ကြောင့် သင်တို့အပြစ်ဒုစရိုက်များပပျောက်စေရန် နောင်တရ၍ ပြောင်းလဲကြလော့။ သို့ပြုလျှင် ထာဝရဘုရားအထံတော်မှ ချမ်းသာရာအချိန်ကာလရောက်လာ [လိမ့်မည်]” (တမန်တော် ၃း၁၉)



နှစ်ခြင်းဆရာယောဟန်နှင့် ယေရှုတို့သည် ၎င်းတို့၏ဓမ္မအမှုကို “နောင်တရကြလော့” ဟူသော သတင်းစကားဖြင့် စတင်ခဲ့ကြသည် (မဿဲ ၃:၁-၂; ၄:၁၇)။

အဘယ်ကြောင့် နောင်တရခြင်းအရေးကြီးသနည်း။ အဘယ်ကြောင့်ဆိုသော် နောင်တမရှိလျှင် အပြစ်လွှတ်ခြင်းမရှိနိုင်ပါ (တမန် ၂း၃၈၊ ၃း၁၉)။ မည်သို့နောင်တဖြစ်လာသနည်း။



ကိုယ်တော်၏ကောင်းမြတ်ခြင်းကြောင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား နောင်တရခြင်းငှာခေါ်တော်မူ၏ *ရော ၂း၄)

ကျွန်ုပ်တို့သည် ကိုယ်တော်၏ဖိတ်ခေါ်မှုကိုလက်ခံကြသည်

ယေရှု သွန်းလောင်းခဲ့ သော အသွေးတော်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူ၏ (ကော ၁း၁၃-၁၄)

အပြစ်အတွက် စစ်မှန်သောဝမ်းနည်းကြေကွဲခြင်းဖြင့်

အပြစ်ကို စွန့်၍ ရိုးသားသော ဆုံးဖြတ်ချက်ဖြင့်



နောင်တရခြင်းနှင့်ခွင့်လွှတ်ခြင်းက ကျွန်ုပ်တို့ကို ပြုပြင်ပြောင်းလဲခြင်းသို့ပို့ဆောင်ကြောင်း၊ အပြစ်ပြုခြင်းကို ရပ်တန့်ပြီးစေပြီး၊ စိတ်နှလုံးပြောင်းလဲခြင်းသို့ အမြဲပို့ဆောင်ကြောင်းသတိပြုပါ (ယော၅း၁၄)





# အပြစ်ခွင့်လွှတ်ခြင်း



# ခွင့်လွှတ်ခြင်းကျေးဇူးတော်

“အိုထာဝရဘုရား၊ အကျွန်ုပ်အပြစ်များလှသောကြောင့် နာမတော်ကိုထောက်၍ ချမ်းသာပေးတော်မူပါ” (ဆာလံ ၂၅:၁၁)




ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန် မည့်သည့်အရာကမှ ဘုရားကို ဖိအားမပေးပါ။ မည်သည့်အရာကမှ ကျွန်ုပ်ကို ခွင့်လွှတ်ရန်မထိုက်တန်စေပါ။ ကျေးဇူးတော်နှင့်အဆုံးမရှိသောမေတ္တာဖြင့်သာ ဘုရားသခင်က ကျွန်ုပ်တို့ကို ခွင့်လွှတ်သည်။ ကိုယ်တော်သည် “ကောင်းမြတ်တော်မူသော၊ ခွင့်လွှတ်ရန်အသင့်ရှိတော်မူသော၊ ကရုဏာတော်နှင့် ကြွယ်ဝတော်မူသောကြောင့်” ခွင့်လွှတ်တော်မူ၏ (ဆာလံ ၈၆:၅၊ ထွက် ၃၄:၆-၇)

ကိုယ်တော်၏မေတ္တာတော်သည် ကိုယ်တော်အား လက်ဝါးကပ်တိုင်ပေါ်တွင် မိမိကိုယ်ကို အပ်နှံပြီး ကျွန်ုပ်တို့ မပေးဆပ်နိုင်သော အပြစ်ကြွေးမြီကို ပေးဆပ်ရန် ပို့ဆောင်ပေးခဲ့သည် (ဖေက် ၂:၄-၅)။




ကျွန်ုပ်တို့၏အပြစ်များကို လက်ဝါးကပ်တိုင်ခြေရင်းသို့ ယူဆောင်လာသောအခါ၊ ယေရှုသည် ကျွန်ုပ်တို့ကို လေးလံသောဝန်ထုပ်မှ လွတ်မြောက်စေသည် (ဟေဗြဲ ၁၂:၁-၂)။



# ခွင့်လွှတ်ခြင်းကျေးဇူးတော်

“အိုထာဝရဘုရား၊ အကျွန်ုပ်အပြစ်များလှသောကြောင့် နာမတော်ကိုထောက်၍ ချမ်းသာပေးတော်မူပါ” (ဆာလံ ၂၅:၁၁)



အပြစ်နှင့် ကျေးဇူးတော်ကြား ဆက်နွယ်မှုကား အဘယ်နည်း။

## အပြစ်နှင့်ကျေးဇူးတော်ကြား ဆက်နွယ်မှု

**ရောမ ၅:၈**
- “ငါတို့သည်အပြစ်သားဖြစ်နေဆဲပင်”
- “ကျွန်ုပ်တို့အတွက် ယေရှုအသေခံ

**ရောမ ၅:၂၀**
- “အပြစ်ပွါးများနေရာ”
- “ကျေးဇူးတော် သာ၍ကြွယ်ဝ”

**ရောမ ၅:၁၂**
- “အပြစ်တရားသည် သေခြင်း၌ ကြီးစိုး”
- “ကျေးဇူးတော် အုပ်စိုး - ထာဝရအသက်နှင့်ပြည့်စုံ”

**ရောမ ၆:၂၃**
- “အပြစ်၏အခ သေခြင်း”
- ဘုရားသခင်၏ဆု ကျေးဇူးတော်၊ ထာဝရအသက်



# ခွင့်လွှတ်ခြင်း၏ဝတ်လုံ

## အဆွေ၊ မင်္ဂလာဆောင်ပွဲ၏ အဝတ်မရှိဘဲ အဘယ်ကြောင့် ဝင်သနည်းဟု မေးတော်မူသည်ကို ထိုသူသည် မပြောနိုင်ဘဲနေ၏” (မဿဲ ၂၂:၁၂)



ဘုရားသခင်၏အသင်းတော် - ၎င်း၏အသင်းသားတိုင်းသည် စင်ကြယ်ပြောင်လက်သော (သို့) အညစ်အကြေး၊ အရေတွန့်ခြင်းကင်းသော ပိတ်ချောကိုဝတ်ဆင်ကြသည် (ဗျာ ၁၉:၈၊ ဧ ၅:၂၇)။

ဤပိတ်ချောသည် “သန့်ရှင်းသူတို့၏ဖြောင့်မတ်သောအကျင့်များ” ကိုပုံဆောင်သည် (ဗျာ ၁၉:၈)။ သို့သော် ဤဖြောင့်မတ်ခြင်းသည် သူတို့ကိုယ်ပိုင်ဖြောင့်မတ်ခြင်းမဟုတ်ပါ။





အာဒံနှင့်ဧဝတို့၊ အပြစ်ပြု၍ အဝတ်ဗလာဖြစ်မှု အရှက်ကို သူတို့ကိုယ်တိုင် ကြိုးစားဖုံးခဲ့ကြသည်။ သို့သော် ဘုရားသခင်ရှေ့တော်မှာ အဝတ်ဗလာဖြစ်နေသေးသည်ဟု ခံစားခဲ့ကြသည် (ကမ္ဘာ ၃:၇-၁၀)။ ဘုရားသခင်ပြင်ဆင်ပေးသော အဝတ်သည် ခရစ်တော်ပေးသော "မင်္ဂလာဝတ်စုံ" ၏သင်္ကေတကို ပုံဆောင်သည်။ ၎င်းသည် ကျွန်ုပ်တို့၏အပြစ်ကို ဆေးကြောပေးသော ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြစ်သည် (ကမ္ဘာ ၃:၂၁၊ ဆာ ၅၁:၇-၁၀)

ထိုအဝတ်မပါဘဲ မည်သူမျှ ကောင်းကင်နိုင်ငံတော်သို့ မဝင်ရ (မဿဲ ၂၂:၁-၁၄)။



ဘုရားသခင်၏သားသမီးဖြစ်လိုသူသည် သမ္မာတရားဖြစ်သော နှောင်တရခြင်းနှင့်ခွင့်လွှတ်ခြင်းကို ခရစ်တော်၏အပြစ်ဖြေခြင်းအားဖြင့် ရရှိရပါမည်။ စိုးရိမ်စိတ်မရှိဘဲ ဂရုဏာပလ္လင်တော်ကို တိုးဝင်ရမည်။ သူ၏စိတ်ထဲတွင် ဘုရားသခင်၏ပြုပြင်သောတန်ခိုးစီးဝင်လာမည်။ ခရစ်တော်သည် နှောင်တရသောသူသာလျှင် ခွင့်လွှတ်သည်။ ပြင်ဆင်ပေးမှုသည် ပြည့်စုံသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ယုံကြည်သူတိုင်းတို့၏ဖြောင့်မတ်ခြင်းဖြစ်သည်။ ဘုရားသခင်ရက်လုပ်ပေးသောဝတ်လုံသည် အဖိုးထိုက်သည်။ အစွန်းအထင်းကင်းသည်။ ၎င်းဝတ်စုံကို နှောင်တရသော၊ ယုံကြည်သောအပြစ်သားများအတွက် ပြင်ဆင်ထားသည်။

EGW (Selected Messages, vol. 1, p. 393)